# Myanmar Pongpipat Co., Ltd သို့ ကွင်းဆင်းစစ်ဆေးခြင်း [1]

Posted on 27 September 2018

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်ဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ္တာ မြို့နယ်၊ မြောင်းပြိုကျေးရွာတွင် **MYANMAR PONGPIPAT CO., LTD** မှ တူးဖော်ဆောင်ရွက်လျက် ရှိသည့် ဟိန္ဒအားသတ္တုမိုင်းသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးဖိုးခြင်းထွန်း ဦးဆောင်ပါ၍ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန တို့မှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ ၂၆ရက်နေ့တွင် သွားရောက်စစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း နှင့် သတ္တုသက်တမ်းတိုးထုတ်လုပ်ခြင်း၊ ကုမ္ပဏီမှဆောင်ရွက်နေ

သော CSR ဆောင်ရွက်ချက်များနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative